# အီးအဲန်စီ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်း ၂၀၀၇ ခုနှစ်အတွက် မာတင်လူသာကင်းဆု ချီးမြှင့်ခံရ

မိုးကြိုးသတင်းစဉ် အမှတ် (၈၁)

ထိုင်းမြန်မာ နယ်စပ် အခြေစိုက် တိုင်းရင်းသားလူမျိုးများကောင်စီ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းအား ဆွီဒင်နိုင်ငံအခြေစိုက် GLOBAL PEACE GROUP ကမ္ဘာတလွှား ငြိမ်းချမ်းရေးအဖွဲ့က ၂၀၀၇ ခုနှစ်အတွက် မာတင်လူသာကင်းဆုချီးမြှင့်ကြောင်း ဇန်နဝါရီလ (၈) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ချင်းအမျိုးသားတဦးဖြစ်ပြီး ရှစ်လေးလုံးအရေးအခင်းတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကာ UNLD ၏ အထွေအထွေ အတွင်းရေးမှူးအဖွဲ့ဝင်တဦးဖြစ်သူ ဒေါက်တာဆလိုင်းလျန်မှုန်းသည် ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေ အတွင်းရေးမှူးအဖြစ် ပြည်ပသို့မထွက်ခွာမီအထိ တာဝန်ယူခဲ့သူဖြစ်သည်။

ဒေါက်တာဆလိုင်းလျန်မှုန်းက "မာတင်လူသာကင်းဟာ အမေရိကန်မှာရှိတဲ့ နီဂရိုးလူနည်းစုတွေရဲ့ အခွင့်အရေး အတွက် တိုက်ပွဲဝင်ခဲ့သလို မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသားလူနည်းစုတွေရဲ့ အခွင့်အရေးအတွက် တိုက်ပွဲဝင် နေတာမို့ ယင်းဆုကို ချီးမြှင့်ခံရတာဖြစ်တယ်" ဟု ပြောကြားခဲ့သည်။ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် ကျရောက်သော ဒေါက်တာမာတင်လူသာကင်း၏ မွေးနေ့တွင် ဆွီဒင်ပါလီမန်၌ ဒေါက်တာဆလိုင်းလျန်မှုန်း ယင်းဆုချီးမြှင့်မှာဖြစ်ပြီး ဆုကြေးငွေအဖြစ် ဒေါ်လာ (၂၅၀၀၀) လက်ခံရရှိမည်ဖြစ်သည်။